NUCC National Unity Consultative Council
အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်

၁။ ကချင်လွတ်မြောက်ရေးတပ်မတော်၊ တပ်မဟာ ၉ နယ်မြေ၊ ဖားကန့်မြို့နယ်၊ အနန့်ပါဒေသ၌ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ (၂၃) ရက်ညပိုင်းတွင် (၆၂) နှစ်မြောက်၊ ကချင်လွတ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းနေ့ အကြို တေးဂီတ ဖျော်ဖြေပွဲ ကျင်းပခဲ့ရာ ကချင်အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ စီးပွါးရေး လုပ်ငန်းရှင်များနှင့် အနီးအနားရှိကျေးရွာများမှ အရပ်သား ပြည်သူ ရာပေါင်း များစွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

၂။ ထိုနေ့ ည (၉) နာရီခန့်တွင် ထိုသို့အရပ်သားပြည်သူအများအပြားရှိနေသည်ကို သိလျက်နှင့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ အကြမ်းဖက်စစ်အုပ်က တိုက်လေယာဉ်သုံးစီးဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့ရာ၊ ကချင်လွတ်မြောက်ရေး တပ်မတော်မှ အရာရှိနှင့်စစ်သည်အချို့ အပါအဝင်၊ အရပ်သားပြည်သူ ၈၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး၊ ပြည်သူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိ ခဲ့ပါသည်။

၃။ အဆိုပါတိုက်ခိုက်မှုသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှု ဖြစ်သည့်အပြင်၊ ကျယ်ကျယ်ပြန့်ပြန့်နှင့်စနစ်တကျဖြစ်၍ အပြစ်မဲ့အရပ်သား ပြည်သူလူထုအပေါ် တမင်ရည်ရွယ် ပစ်မှတ်ထား တိုက်ခိုက်သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်း ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်သော အကြမ်းဖက် စစ်အုပ်စု၏ အဆိုပါလုပ်ရပ်ကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

၅။ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်ပြည်သူလူထုနှင့် ကျဆုံးသွားသော အရပ်သားပြည်သူများ ၏ မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၆။ ဤသို့သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို အကြိမ်ကြိမ် ကျူးလွန် နေသော အကြမ်းဖက် စစ်အုပ်စုအား တော်လှန်ရေးအင်အားစုများ အားလုံး စုစည်းညီညွတ်စွာဖြင့် အမြစ်ပြတ် ဆက်လက်ချေမှုန်းကြရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က တိုက်တွန်းအပ်ပါသည်။

**တော်လှန်ရေးသစ္စာဖြင့်**
**အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)**